အလ္လာဟ်အရှင်မြတ်က ငါကိုယ်တော်အား

ပေးအပ်စေလွှတ်တော်မူခဲ့သော လမ်းညွှန်တရားနှင့်

အသိပညာသည် များပြားလှစွာသော မိုးရေ၏ပမာနှင့် တူသည်။ထိုမိုးရေသည် မြေကြီး‌ပေါ်ကျရောက်‌၏

အဘူမူစာအရှ်အရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
အလ္လာဟ်အရှင်မြတ်က ငါကိုယ်တော်အား ပေးအပ်စေလွှတ်တော်မူခဲ့သော
လမ်းညွှန်တရားနှင့် အသိပညာသည် များပြားလှစွာသော မိုးရေ၏ပမာနှင့် တူသည်။
ထိုမိုးရေသည် မြေကြီး‌ပေါ်ကျရောက်‌၏။ ထိုမြေကြီး၏ မြေအမျိုးစားတစ်ခုသည်မြေသြဇာ‌ကောင်းမွန်၍ ထိုမိုးရေကို လက်ခံစုပ်ယူကာ ပေါင်းပင်နှင့်
မြက်ပင်များစွာကို ပေါက်ရောက်စေသည်။ ထိုမြေကြီး၏ အခြား‌မြေအမျိုးစားတစ်ခုမှာမာကျောသောမြေပြင်များဖြစ်၏။ ထိုမြေပြင်များသည်(မိမိ၏ ချိုင့်ခွက်များထဲတွင်)
မိုးရေကို သိုလှောင်ထားနိုင်သည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည်
ထိုမာ‌ကျောသောမြေဖြင့် လူသားတို့အား အကျိုးခံစားစေတော်မူသည်။ လူတိူ့သည်
ယင်းရေကို သောက်သုံးကြ၏၊ (တိရစ္ဆာန်များကို) တိုက်ကျွေးကြ၏၊
စိုက်ပျိုးရေးလုပ်ငန်းများကို ပြုလုပ်ကြ၏။ ထိုမိုးရေသည် (တတိယ) အခြားမြေအမျိုးအစားတစ်ခု‌ပေါ်၌လည်း ကျရောက်ပြန်ရာ၊ ယင်းမြေသည် ညီညာပြန့်ပြူး၍
မာကျောသော လွင်တီးခေါင်ပြင်ဖြစ်ပြီး မိုးရေကို သိုလှောင်ထားနိုင်စွမ်းလည်းမရှိ၊မြက်ပင်ကိုလည်း မပေါက်ရောက်စေနိုင်ပေ။ ဤသည်ကား အလ္လာဟ်အရှင်မြတ်၏
ဒီန်သာသနာနှင့် ပတ်သတ်၍ သိနားလည်သူ၊ အလ္လာဟ်အရှင်မြတ်က ငါကိုယ်တော်အား
ပေးအပ်စေလွှတ်တော်မူခဲ့သော လမ်းညွှန်တရားသည် ၎င်းအား အကျိုးဖြစ်ထွန်းစေခဲ့သည်။သို့ဖြစ်ရာ ၎င်းသည် ကိုယ်တိုင် သိရှိနားလည်ပြီး အခြားသူများကိုလည်း
သင်ကြားပြသပေးသူ၏ ဥပမာပင်ဖြစ်၏။ အခြား (မိုးရေကို လက်မခံသည့် မြေမာ၏) ပမာမာ
ဒီန်သာသနာနှင့်ပတ်သတ်၍ ခေါင်းတောင်မော်မကြည့်(အလေးမထား) သည့်အပြင်
အလ္လာဟ်အရှင်မြတ်က ငါကိုယ်တော်အား ပေးအပ်စေလွှတ်တော်မူခဲ့သော
လမ်းညွှန်တရားကိုလည်း လက်မခံသူ၏ ဥပမာဖြစ်သည်။ [صحيح] [متفق عليه]

တမန်‌တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိယူဆောင်လာသော လမ်းညွှန်ချက်နှင့်ရည်မှန်းချက်သို့ ရောက်ရှိစေသည့် လမ်းကြောင်းနှင့် သာသနာ့ပညာရပ်တို့မှ မည်သူကအကျိုးခံစားရသည်ကို မိုးသည်းထန်စွာ ရွာသွန်းသော မိုးရေကို ရရှိသည့် မြေကြီးနှင့်အံ့ဩဖွယ်ရာ နှိုင်းယှဉ်မိန့်ကြားခဲ့သည်။ ထိုမြေကြီးသည် အမျိုးအစား သုံးမျိုးရှိသည်။ပထမအမျိုးအစား - ထိုမြေကြီးသည် ကောင်းမွန်သောမြေဖြစ်ပြီး မိုးရေကို လက်ခံစုပ်ယူကာစိုစွတ်သော အပင်၊ ခြောက်သွေ့သော အပင် အမျိုးမျိုးကို ပေါက်ရောက်စေသည်။ လူတို့သည်ထိုအပင်များမှ အကျိုးခံစားရရှိကြသည်။ ဒုတိယအမျိုးအစား - ထိုမြေကြီးသည် မိုးရေကိုသာသိ‌ လှောင်ထားနိုင်ပြီး အပင်ပေါက်ရောက်စေနိုင်ခြင်း မရှိပေ။ သို့သော် ထိုမြေကြီးသည်

https://sunnah.global/hadeeth/my/show/4233